## ကပ်စေးနဲ

ကလိဖ်လန်မြို့မှာ တစ်မြုံမြုံဝါးစားရတဲ့ ကပ်စေးနဲတွေစားပြီး အများပြည်သူ သွားလာတဲ့နေရာမှာ ဝါးဖတ်တွေကို စွန့်ပစ်ထားခဲ့ရင် ဥပဒေအရ အရေးယူမယ်လို့ ပြဋ္ဌာန်းထားတာကတော့ ပတ်ဝန်းကျင် သန့်ရှင်းရေးကို အားပေးရာရောက်လို့ ကြိုဆိုထိုက်ပါတယ်။

## ကြက်လည်း တစ်ခုက္ခ

အီလီနွိုက်ပြည်နယ် ကင်နီးလ်ဝေါ့သ်မြို့မှာ တွန်ချင်တဲ့ ကြက်ဖတစ်ကောင်ဟာ လူနေထိုင်ရာ အိမ်ဂေဟာတစ်ခုခုကနေ ပေ ၃၀၀ ခြေလှမ်းနောက်ဆုတ်ပြီးမှ တွန်ရမှာ ဖြစ်သလို ကြက်မတွေအနေနဲ့လည်း ကတော်ချင်ရင် လူနေအိမ်ဂေဟာတွေကနေ ပေ ၂၀၀ နောက်ဆုတ်ပြီး ကတော်ရမယ်လို့ ဥပဒေပြဋ္ဌာန်းထားတယ်။

ဂျော်ဂျီယာပြည်နယ် မြို့ပြကိုဥပဒေအရ ဘယ်သူမဆို ကြက်တစ်ကောင်ရဲ့ ခေါင်းကို တွဲလောင်းဆွဲထားရင် ကိုလံဘတ် ဥပဒေကို ချိုးဖောက်ခြင်းဖြစ်တယ်လို့ စည်းကမ်း အမိန့်ထုတ်ပြန်ထားပါတယ်။

ဂျော်ဂျီယာပြည်နယ်မှာပဲ ကွစ်မင်းမြို့ရဲ့ မြို့ပြကိုဥပဒေက မြို့ရဲ့ကန့်သတ်ဧရိယာအတွင်း ဘယ်ကြက်တစ်ကောင်မဆို လမ်းဖြတ်ကူးရင် အဲဒီကြက်ဟာ ဥပဒေကို ဖောက်ဖျက်ကျူးလွန်ခြင်း ဖြစ်တယ်လို့ ဆိုတယ်။

ဗာကျီးနီးယားပြည်နယ် နော်ဖော့လ်ခ်မြို့မှာလည်း ကြက်မတွေဟာ ဥပဒေအရ နံနက် ၈ နာရီမတိုင်ခင်နဲ့ ညနေ ၄ နာရီနောက်ပိုင်းမှာ ဥ ခွင့်မရှိကြပါဘူး။

အိုင်ဒါဟိုပြည်နယ် ဥပဒေအရ လူတစ်ယောက်ဟာ နေဝင်မိုးချုပ်မှ ကြက်ဝယ်ချင်ရင် ဒေသဆိုင်ရာ ငြိမ်ဝပ်ပိပြားရေး အရာရှိထံက ခွင့်ပြုချက်ရယူဖို့ လိုအပ်ပါတယ်။



## ကလေးများဆိုင်ရာ ပြဋ္ဌာန်းချက်

နော့သ်ကာရိုလိုင်းနားပြည်နယ် ဝင်စတန်ဆာလင်မြို့မှာ အသက် ၇ နှစ်အောက် ကလေးတွေကို ကောလိပ်ကျောင်းတက်ခိုင်းရင် ဥပဒေချိုးဖောက်မှု ဖြစ်ပါတယ်။

မင်နီဆိုးတားပြည်နယ် ဘလူးအတ်သ်မြို့မှာ ကြေညာထားတဲ့ ဥပဒေပြဋ္ဌာန်းချက်တစ်ခုအရ အသက် ၁၂ နှစ်အောက် ကလေးတွေအနေနဲ့ အဖေအမေ မိဘတစ်ဦးဦးမပါဘဲ တယ်လီဖုန်းပြောကြားခွင့် မရှိပါဘူး။

ကိုလံဘီယာခရိုင်မှာ ဘယ်မိဘမဆို ကိုယ့်သားသမီး အသက် ၁၄ နှစ်အောက်ကလေးတွေကို ကြိုးတန်းလျှောက်သူ၊ ကျွမ်းဘားသမားနဲ့ ခန္ဓာကိုယ်ကို နည်းမျိုးစုံချိုးခေါက်ပြီး မနုဿမှုကြီးလိမ် လုပ်ပြရတဲ့ အလုပ်အကိုင်တွေ လုပ်ကိုင်စေရင်ဒါမှမဟုတ် ခွင့်ပြုရင် ဥပဒေအရ ပြစ်ဒဏ်ထိုက်ပါတယ်။

ကိုလံဘီယာခရိုင်ရဲ့ နောက်ထပ်ဥပဒေတစ်ခုမှာတော့ ငယ်ရွယ်တဲ့ ယောကျ်ားကလေးတွေအနေနဲ့ ဘယ်အချိန် ဘယ်နေရာမှာဖြစ်ဖြစ် ခဲနဲ့ပစ်ရင် အရေးယူခံရမယ်လို့ ပြဋ္ဌာန်းထားတယ်။

## ဆေးလိပ်တို

နယူးယောက်ပြည်နယ်မှာ ကလေးသူငယ်တွေအနေနဲ့ ဆေးလိပ်တိုတွေ လိုက်ကောက်တာ၊ သိမ်းတာကို ဥပဒေနဲ့ မလွတ်ကင်းတဲ့ အလုပ်အဖြစ် သတ်မှတ်ပြီး ခွင့်မပြုပါဘူး။

## ခရမ်းချဉ်သီး မထည့်ရမယ့် ဟင်းရည်

မန်ဆာချူးဆက်ပြည်နယ်မှာ ခုံကောင်နဲ့ အသီးအရွက်တွေ ရောနှောချက်ပြုတ်ရတဲ့ ဟင်းချိုရည် အပျစ်တစ်မျိုးထဲကို ခရမ်းချဉ်သီး မထည့်ရလို့ ဥပဒေနဲ့ တားမြစ်ထားတယ်။